# မြန်မာ့အမျိုးသမီးသမဂ္ဂ

မတ်လ ၂၀၂၆ ခုနှစ်

## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း အကြမ်းဖက် စစ်အုပ်စုသည် လေကြောင်းနှင့် မြေပြင် တိုက်ခိုက်မှု အသုံးပြုပြီး အမျိုးသမီး "၆၃" ဦး အား သတ်ဖြတ်ခဲ့သည်။

တရားမဝင် အကြမ်းဖက် စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုသည် (၅) နှစ် ပြည့်ခဲ့ပြီ ဖြစ်သည်။ အကြမ်းဖက် စစ်အုပ်စုသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများအပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေသည်။ အမျိုးသမီးများ၏ နေ့စဉ်ဘဝတွင် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ အပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုပုံစံများကြောင့် အသက်ဆုံးရှုံးနေရသည်။ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ (၂၈) ရက်နေ့အတွင်း အမျိုးသမီး (၆၃) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယခု အချက်အလက်များသည် တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်း အချက်အလက်များကို စောင့်ကြည့်မှုများအပြင် မြေပြင်မှ အချက်အလက် ကောက်ယူထားမှုများကို ပြန်လည် စုစည်း တင်ပြထားခြင်း ဖြစ်သည်။ သို့သော် လက်တွေ့မြေပြင်အခြေအနေတွင် မိမိတို့ အနေဖြင့် ဒေတာနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် အခက်အခဲများစွာ ရှိသဖြင့် ကိန်းဂဏန်းများသည် မြေပြင်၌ ယခုထက်ပို၍ များနိုင်ပါသည်။



| | |
|---|---|
| သေဆုံးသူ | ၆၃ |
| ထိခိုက်ဒဏ်ရာရသူ | ၆၆ |

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ အတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် အမျိုးသမီးအစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်စဉ်





၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ အတွင်း အမျိုးသမီး သေဆုံးမှု အများဆုံး ဖြစ်စဉ်မှာ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးငူကျေးရွာအား အကြမ်းဖက် စစ်တပ်မှ ဗုံးကြဲတိုက်ခိုက်သည့် ဖြစ်စဉ် ဖြစ်သည်။ ထို ဖြစ်စဉ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများတွင် အမျိုးသမီး (၁၃) ဦး ပါဝင်သည်။

https://www.facebook.com/burmesewomensunion
https://burmesewomensunion.org

# အမျိုးသမီး သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူ အရေအတွက်

## အမျိုးသမီးသေဆုံးသူ အရေအတွက်




မြန်မာ့အမျိုးသမီးသမဂ္ဂ အနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့် လေ့လာ မှတ်တမ်းတင်ထားမှုများအရ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ အတွင်း နိုင်ငံတဝှမ်း အမျိုးသမီး (၆၃) ဦး အသက်ဆုံးရှုံးခဲ့သည်။ ထိုသို့ အသက်ဆုံးရှုံးခဲ့ရသည့် အကြောင်းအရင်းမှာ အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် (၄၆) ဦး၊ လက်နက်ကြီး ပစ်ခတ်ခံရမှုကြောင့် (၈) ဦး၊ မတရား သတ်ဖြတ်ခံရမှုတို့ကြောင့် (၇) ဦးနှင့် ကျည်ထိမှန်မှုကြောင့် (၂) ဦးတို့ ဖြစ်ကြသည်။

သေဆုံးသူ အသက် (၁၈) နှစ်အောက် အမျိုးသမီးငယ်များ အရေအတွက်




သေဆုံးသူများထဲမှ ကိုယ်ဝန်ဆောင်အမျိုးသမီးများ အရေအတွက်





## အမျိုးသမီး ထိခိုက်ဒဏ်ရာရသူ အရေအတွက်




အမျိုးသမီး (၆၆) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ထိုသို့ ထိခိုက်ဒဏ်ရာရရှိသည့် အကြောင်းအရင်းမှာ အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် (၄၁) ဦး၊ လက်နက်ကြီး ပစ်ခတ်ခံရမှုကြောင့် (၁၃) ဦး၊ မြေမြှုပ်မိုင်းကြောင့် (၁၀)ဦး၊ နှင့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုကြောင့် (၂) ဦး တို့ ဖြစ်ကြသည်။

# တိုင်းနှင့် ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြပုံ

| ပြည်နယ်၊ တိုင်း | သေဆုံးသူ အမျိုးသမီး အရေအတွက် |
|---|---|
| ရခိုင်ပြည်နယ် | ၂၂ |
| စစ်ကိုင်းတိုင်း | ၁၂ |
| မကွေးတိုင်း | ၁၁ |
| တနင်္သာရီတိုင်း | ၆ |
| မန္တလေးတိုင်း | ၅ |
| ပဲခူးတိုင်း | ၂ |
| ကရင်နီပြည်နယ် | ၂ |
| ရှမ်းပြည်နယ် | ၁ |
| ကရင်ပြည်နယ် | ၁ |
| မွန်ပြည်နယ် | ၁ |




မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက် ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် အသက်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီးများဦးရေ သည် ရခိုင်ပြည်နယ်မှ (၂၂) ဦး၊ စစ်ကိုင်းတိုင်းမှ (၁၂) ဦး၊ မကွေးတိုင်းမှ (၁၁) ဦးတို့ ဖြစ်ကြပြီး ရခိုင်ပြည်နယ် သည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် အမျိုးသမီး သေဆုံးမှု အများဆုံး ပြည်နယ် ဖြစ်သည်။